Perth Children's Hospital

Health Facts

Burn pain management at home - Burmese

# အပူလောင်နာ မသက်မသာဖြစ်ခြင်း- နာကျင်မှု

အပူလောင်နာကို ကုသနေစဉ် နာကျင်မှုအချို့ခံစားရခြင်းသည် ပုံမှန်ဖြစ်သည်။ ကလေးသည် ပုံမှန်အတိုင်းမဟုတ်တော့လျှင် သို့မဟုတ် ဆော့ကစားမှု လျော့သွားလျှင် သို့မဟုတ် ငိုလွန်းနေပြီး ချော့မရလျှင် အပူလောင်နာက သူ့ကို နာကျင်စေခြင်းကြောင့် ဖြစ်နိုင်သည်။

## အကိုက်အခဲပျောက်ဆေး

ကလေးက နာကျင်နေလျှင် ပါရာစီတမော (Panadol®) **သို့မဟုတ်** အိုင်ဗျူပရိုဖန် (Nurofen®) ပေးပါ၊ **နှစ်မျိုးစလုံး မပေးပါနှင့်။**

**ပါရာစီတမော (Panadol)**

ဆေးတိုက်သည့်အချိန်-____________________

နောက်ထပ် ဆေးတိုက်ရမည့်အချိန်- ________________

**1 နေ့လျှင် 4 ကြိမ်ထက် မပိုရပါ**

ဆေးဘူးပါ ညွှန်ကြားချက်များကို ကြည့်ရှုပါ

**အိုင်ဗျူပရိုဖန် (Nurofen)**

ဆေးတိုက်သည့်အချိန်-____________________

နောက်ထပ် ဆေးတိုက်ရမည့်အချိန်- ________________

**1 နေ့လျှင် 3 ကြိမ်ထက် မပိုရပါ**

ဆေးဘူးပါ ညွှန်ကြားချက်များကို ကြည့်ရှုပါ

အကိုက်အခဲပျောက်ဆေးအကြောင်းကို **သင်၏ ဆေးဝါးကျွမ်းကျင်သူအား** ပြောပြနိုင်ပါသည်။

## အပူလောင်နာများ ပြင်ပလူနာဆေးခန်း (Burns Outpatient Clinic) သို့ သွားခြင်း

ကလေးက ပတ်တီးလဲလှယ်ခြင်းများအတွက် အပူလောင်နာများ ပြင်ပလူနာဆေးခန်း (Clinic J) သို့ သွားလျှင် ဆရာဝန်နှင့်မပြသမီ မိနစ် 30 ကြိုတင်၍ **Panadol သို့မဟုတ် Nurofen** ကို ကလေးအား တိုက်ကျွေးပါ။ ကလေး၏ အပူလောင်အနာများကို ဆေးကြောသန့်စင်ရန် လိုအပ်မည်ဖြစ်ပြီး ၎င်းသည် နာကျင်နိုင်ပါသည်။
ကလေး၏ ပတ်တီးများကို မလဲလှယ်မီ ကလေးမှီဝဲနေသော ဆေးဝါးများအကြောင်း သူနာပြုအား ပြောပြပါ၊ ၎င်းသည် လိုအပ်သော ကုသမှုအမျိုးအစားကို ပြောင်းလဲနိုင်သည်။

ကလေးက နာကျင်၍ အငိုမတိတ်လျှင် အကိုက်အခဲပျောက်ဆေးသည် အလုပ်မဖြစ်ပါ၊ အောက်ပါသို့ ဖုန်းခေါ်ပါ-

- **PCH Ward 1B** 6456 3630 သို့မဟုတ်
- **PCH ဆေးဝါးပညာဌာန ဆေးဝါးအချက်အလက်များဖုန်းလိုင်း (PCH Pharmacy Department Drug Information Line)** 6456 0190 (ရွေးချယ်စရာ 1 ကို ရွေးပါ)၊ တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်အတွင်း။


Government of **Western Australia**
**Child and Adolescent Health Service**


**ဤစာရွက်စာတမ်းကို မသန်စွမ်းသူတစ်ဦးအတွက် တောင်းဆိုလျှင် အခြားဖော်မက်များဖြင့် ရရှိအောင် လုပ်ဆောင်ပေးနိုင်သည်။**


**ကလေးနှင့် ဆယ်ကျော်သက်အရွယ် ကျန်းမာရေးဝန်ဆောင်မှု**
15 Hospital Avenue, Nedlands, WA, 6009.
တယ်လီဖုန်း (08) 6456 2222



စီစဉ်ထုတ်ဝေသူ- Burns Unit / Social Work
ရည်ညွှန်း- 581.3 © CAHS 2021



**မသက်ဆိုင်ကြောင်းငြင်းဆိုချက်-** ဤထုတ်ဝေမှုသည် အထွေထွေ အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်း ရည်ရွယ်ချက်များအတွက် ဖြစ်သည်။ လိုအပ်သော ဆေးကုသမှုဆိုင်ရာ အကြံဉာဏ်တစ်ခုခုကို သိလိုလျှင် အရည်အချင်းပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှုပညာရှင်ထံ ဆက်သွယ်ပါ။

© အနောက်သြစတြေးလျပြည်နယ်၊ ကလေးနှင့် ဆယ်ကျော်သက်အရွယ် ကျန်းမာရေးဝန်ဆောင်မှု။